ပြည်ထောင်စုလွှတ်တော်ရုံး
သုတေသနဌာန

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်

# နိုင်ငံတကာပါလီမန်များအဖွဲ့ဆိုင်ရာအကြောင်းအရာများ

**အကျဉ်းချုပ်**

နိုင်ငံတကာပါလီမန်များအဖွဲ့ (Inter-Parliamentary Union, IPU) ဆိုသည်မှာ အချုပ်အခြာအာဏာပိုင်နိုင်ငံများ၏ ပြည်ထောင်စုအဆင့် ပါလီမန်များဖြင့် ဖွဲ့စည်းထားသော နိုင်ငံတကာအဖွဲ့အစည်းဖြစ်ပါသည်။ IPU ကို ညီလာခံ (Assembly)၊ အုပ်ချုပ်မှုကောင်စီ (Governing Council)၊ အမှုဆောင်ကော်မတီ (Executive Committee) နှင့် အထွေထွေအတွင်းရေးမှူးချုပ်ရုံး (Secretariat) တို့ဖြင့် ဖွဲ့စည်းထားပါသည်။ ရုံးစိုက်ရာဌာနချုပ်သည် ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့တွင် တည်ရှိပါသည်။

အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခု၏ ဥပဒေများနှင့်အညီ ဖွဲ့စည်းထားသော ထိုနိုင်ငံရှိ လူဦးရေကို ကိုယ်စားပြုသော၊ ထိုနိုင်ငံ၏နယ်မြေအတွက် လုပ်ငန်းဆောင်ရွက်သော လွှတ်တော်တိုင်းသည် IPU သို့ အဖွဲ့ဝင်အဖြစ် လျှောက်ထားနိုင်ပါသည်။ လက်ရှိတွင်အဖွဲ့ဝင် နိုင်ငံပေါင်း (၁၇၈) နိုင်ငံရှိပြီး မိတ်ဖက်အဖွဲ့ဝင် (၁၂) နိုင်ငံရှိပါသည်။

မြန်မာလွှတ်တော်သည် နိုင်ငံတကာပါလီမန်များအဖွဲ့ (IPU) အဖွဲ့ဝင်ဖြစ်သည့်အလျောက် နိုင်ငံတကာလွှတ်တော်များနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်စေရေး ရည်ရွယ်၍ နိုင်ငံတကာပါလီမန်များအဖွဲ့ဆိုင်ရာ ပူးပေါင်းကော်မတီကို ၂၀၁၃ ခုနှစ်ကတည်းက ဖွဲ့စည်းခဲ့ပြီးဖြစ်ပါသည်။ ထို့အပြင် IPU မှ တိုက်တွန်းနှိုးဆော်သည့် အထိမ်းအမှတ်ပွဲများနှင့် ဟောပြောပွဲများကိုလည်း သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။ နှစ်စဉ်ကျင်းပသော ညီလာခံအစည်းအဝေးများသို့လည်း ပုံမှန်တက်ရောက်နိုင်ရန် ကြိုးပမ်းလျက် ရှိပါသည်။

သုတေသနစာတမ်းတိုအမှတ် (၆၅)

ဤစာတမ်းတိုနှင့်ပတ်သက်၍ သတိပြုရန်အချက်များအား နောက်ဆုံးစာမျက်နှာတွင် ဖော်ပြထားပါသည်။

## မာတိကာ


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| - | နိဒါန်း | ၁ |
| ၁ | ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ် | ၁ |
| ၂ | ဖွဲ့စည်းပုံ | ၂ |
| ၃ | IPU အဖွဲ့ဝင်ဖြစ်ရန် လိုက်နာရမည့် အခြေခံသဘောတရားများ | ၁၂ |
| ၄ | မြန်မာလွှတ်တော်မှ IPU နှင့်စပ်လျဉ်းသည့် ဆောင်ရွက်မှု အခြေအနေများ | ၁၄ |
| - | နိဂုံး | ၁၈ |

# နိုင်ငံတကာပါလီမန်များအဖွဲ့ (Inter-Parliamentary Union)

## နိဒါန်း

၁။ နိုင်ငံတကာပါလီမန်များအဖွဲ့ (Inter-Parliamentary Union, IPU) ဆိုသည်မှာ အချုပ်အခြာအာဏာပိုင်နိုင်ငံများ၏ ပြည်ထောင်စုအဆင့် ပါလီမန်များဖြင့် ဖွဲ့စည်းထားသော နိုင်ငံတကာအဖွဲ့အစည်းဖြစ်ပါသည်။ IPU ကို ငြိမ်းချမ်းရေး နိုဘယ်ဆုရှင်များဖြစ်ကြသော အင်္ဂလိပ်လူမျိုး ပါလီမန်အမတ် William Randal Cremer (၁၉၀၃) နှင့် ပြင်သစ်လူမျိုး ပါလီမန်အမတ် Frederic Passy (၁၉၀၁) တို့က ၁၈၈၉ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပါသည်။ IPU ရုံးချုပ်သည် ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့တွင် တည်ရှိပါသည်။[1]

## အခန်း (၁)
## ရည်ရွယ်ချက်နှင့်လုပ်ငန်းစဉ်

### ရည်ရွယ်ချက်

၂။ IPU ကို ဒီမိုကရေစီစနစ် ခိုင်မာစွာဖြစ်ထွန်းရေး၊ ငြိမ်းချမ်းရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးတက်ရေးအတွက် ကမ္ဘာ့ပါလီမန်များအကြားတွင် ဆွေးနွေးဆောင်ရွက်ကြရန် ရည်ရွယ်၍ ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။[2]

### လုပ်ငန်းစဉ်

၃။ IPU ၏ ရည်ရွယ်ချက်များ အကောင်အထည်ဖော်နိုင်ရေးအတွက် ပါလီမန်များအကြားတွင် ထိတွေ့ညှိနှိုင်း၍ အတွေ့အကြုံချင်း ဖလှယ်ကြရန်၊ လူ့အခွင့်အရေးကို ကာကွယ်ရန်နှင့် တိုးတက်ဖော်ဆောင်ရန်၊ ကမ္ဘာ့နိုင်ငံများနှင့်ပတ်သက်သော ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သင့်တော်သည့် အဖြေရရှိနိုင်ရေး နိုင်ငံအသီးသီး၏ အမြင်ကိုဖော်ပြရန်နှင့် လွှတ်တော်များ၏ အခန်းကဏ္ဍကို မြှင့်တင်ရန် စသည့် မူဝါဒလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။[3]

၄။ ဒီမိုကရေစီထွန်းကားရေး၊ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေများ တိုးတက်ခိုင်မာရေး၊ နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေး၊ နိုင်ငံရေးတွင် အမျိုးသမီးများ ပါဝင်လာရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုနယ်ပယ် ဆိုင်ရာကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများကို အဓိကဦးစားပေး ဆောင်ရွက်ပါသည်။[4]

---

[1] History, Available from: http://www.ipu.org/about-us/history [-viewed 17- Oct-2018]
[2] Overview, Available from: http://archive.ipu.org/english/whatipu.htm [-viewed 17- Oct-2018]
[3] Ibid
[4] Main Areas of activity of the Inter-Parliamentary Union, available from: archive.ipu.org/iss-e/issues.htm [viewed 29-10-2018]

## အခန်း (၂)
## ဖွဲ့စည်းပုံ

၅။ IPU ကို ညီလာခံ (Assembly)၊ အုပ်ချုပ်မှုကောင်စီ (Governing Council)၊ အမှုဆောင်ကော်မတီ (Executive Committee) နှင့် အထွေထွေအတွင်းရေးမှူးချုပ်ရုံး (Secretariat) တို့ဖြင့် ဖွဲ့စည်းထားပါသည်။[5]

### ညီလာခံ (Assembly)

၆။ ညီလာခံ (Assembly) ကို တစ်နှစ်လျှင် နှစ်ကြိမ် ကျင်းပလေ့ရှိပြီး IPU အဖွဲ့ဝင်လွှတ်တော်များက တာဝန်ပေး စေလွှတ်သော လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းပါသည်။ လွှတ်တော်ကိုယ်စားလှယ် အဖွဲ့တွင် အမျိုးသားနှင့် အမျိုးသမီးအရေအတွက် အချိုးကျနှင့် တူညီစွာပါဝင်နိုင်ရန် လိုအပ်ပါသည်။ IPU ညီလာခံသို့ တက်ရောက်ရမည့် ကိုယ်စားလှယ်အဖွဲ့ဝင်နှင့် ဆန္ဒမဲပေးခွင့် အရေအတွက်ကို သက်ဆိုင်ရာနိုင်ငံ၏ လူဦးရေပေါ်တွင် မူတည်၍ သတ်မှတ်ထားပါသည်။ လူဦးရေ သန်း ၁၀၀ အောက်ရှိသောနိုင်ငံများမှ လွှတ်တော်များသည် ညီလာခံသို့ အဖွဲ့ဝင်အများဆုံး ၈ ဦး ပါဝင်သော ကိုယ်စားလှယ်အဖွဲ့ စေလွှတ်နိုင်ပြီး၊ လူဦးရေသန်း ၁၀၀ နှင့်အထက်ရှိပါက အဖွဲ့ဝင်အများဆုံး ၁၀ ဦး အထိ စေလွှတ်နိုင်ပါသည်။ အထွေထွေညီလာခံသို့ အမျိုးသားများသာ (သို့မဟုတ်) အမျိုးသမီးများသာ ပါဝင်သောအဖွဲ့ (Same- Sex Delegation) ကို သုံးကြိမ်ဆက်တိုက် စေလွှတ်ပါက သတ်မှတ် ကိုယ်စားလှယ်အရေအတွက်ကို တစ်ဦးလျှော့ချမည် ဖြစ်ပါသည်။[6]

၇။ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် အဖွဲ့ဝင်များ၏ ကွဲပြားသော အမြင်များကို ဖော်ပြရန်အတွက် အဖွဲ့အနေဖြင့် ရရှိသော ဆန္ဒမဲအရေအတွက်ကို ခွဲခြမ်းစိတ်ဖြာခြင်း ပြုနိုင်သည်။ မည်သည့် ကိုယ်စားလှယ် တစ်ဦးမျှ ၁၀ မဲ ထက်ပို၍ ရခွင့်မရှိပါ။ အထွေထွေညီလာခံ၌ ဆန္ဒမဲပေးခြင်းကို၊ ညီလာခံ တက်ရောက်သည့် ကိုယ်စားလှယ်အဖွဲ့ အမည်စာရင်း ဇယားပါ အစဉ်အတိုင်းဆောင်ရွက်ရမည်။ ကန့်ကွက်သူ လုံးဝ မရှိသည့် ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်ရန်အတွက် အထက်ပါ ကဲ့သို့ဆောင်ရွက်ရန်မလို။ IPU ၏ အရာရှိများကို ရွေးကောက်ရာတွင်၊ ကိုယ်စားလှယ်အနည်းဆုံး ၂၀ ဦးက တောင်းဆိုခဲ့လျှင်၊ လျှို့ဝှက်ဆန္ဒ မဲပေးစနစ်ဖြင့် ရွေးကောက်တင်မြှောက်ရပါမည်။[7]

၈။ ညီလာခံအစည်းအဝေး (Assembly) ကျင်းပစဉ်တွင် ကော်မတီအစည်းအဝေးများ၊ ပါလီမန် ဆိုင်ရာအဖွဲ့အစည်းများ၊ ပထဝီဝင်နိုင်ငံရေးအုပ်စုများကလည်း သတ်မှတ်ခေါင်းစဉ်အလိုက် ဆွေးနွေးလေ့

---

[5] Structure, available from: https://www.ipu.org/about.us/structure [viewed 29-10-2018]

[6] IPU, Statutes of the IPU, Adopted in 1976, extensively revised in October 1983 and amended in April 2003, October 2013, March 2016, April 2017 and March 2018, III The Assembly, Article 9 and 10

[7] Ibid, Article 15 and 16

ရှိပြီး Assembly သို့ အစီရင်ခံ တင်ပြဆောင်ရွက်ကြရပါသည်။ ယင်းကော်မတီနှင့် အဖွဲ့အစည်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အမြဲတမ်းကော်မတီများ (Standing Committees)

(၁) ငြိမ်းချမ်းရေးနှင့် နိုင်ငံတကာလုံခြုံရေးဆိုင်ရာ အမြဲတမ်းကော်မတီ (Standing Committee on Peace and International Security)၊

(၂) စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ ဘဏ္ဍာရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ အမြဲတမ်းကော်မတီ (Standing Committee on Sustainable Development, Finance and Trade)၊

(၃) ဒီမိုကရေစီနှင့် လူ့အခွင့်ရေးရာ အမြဲတမ်းကော်မတီ (Standing Committee on Democracy and Human Rights) နှင့်

(၄) ကုလသမဂ္ဂရေးရာ အမြဲတမ်းကော်မတီ (Standing Committee on United Nations Affairs) တို့ဖြစ်သည်။

(ခ) ပါလီမန်ဆိုင်ရာ ယာယီအဖွဲ့အစည်းများ (Ad hoc bodies) - အချိန်ကာလ သတ်မှတ်၍ ဖွဲ့စည်းထားသည့် ပါလီမန်ဆိုင်ရာ ယာယီအဖွဲ့အစည်းများတွင် ပါလီမန်အမတ်များ၏ လူ့အခွင့်အရေးကော်မတီ၊ အရှေ့အလယ်ပိုင်း မေးခွန်းများဆိုင်ရာ ကော်မတီ၊ ဆိုက်ပရက်ဆိုင်ရာ အကျိုးဆောင်အဖွဲ့၊ နိုင်ငံတကာလူသားချင်း စာနာထောက်ထားမှု ဥပဒေလေးစားလိုက်နာရေးမြှင့်တင်မှုကော်မတီ၊ မိခင်၊ မွေးကင်းစကလေးများနှင့် ကလေးသူငယ်များ၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် HIV/ AIDS ဆိုင်ရာအကြံပေးအဖွဲ့၊ အမျိုးသမီးကိုယ်စားလှယ်များ ညှိနှိုင်းရေး ကော်မတီ၊ ကျား/မ မိတ်ဖက်ဖြစ်မှုအဖွဲ့၊ လူငယ်လွှတ်တော်ကိုယ်စားလှယ်များဖိုရမ် တို့ပါဝင်ပါသည်။[8]

(ဂ) ပထဝီဝင်နိုင်ငံရေးအုပ်စုများ (Geopolitical Groups)- ပထဝီဝင်နိုင်ငံရေးအုပ်စုများမှာ အာဖရိကအုပ်စု ၅၂ နိုင်ငံ၊ အာရပ်အုပ်စု ၂၁ နိုင်ငံ၊ အာရှပစိဖိတ်အုပ်စု ၃၆ နိုင်ငံ၊ ယူရေးရှားအုပ်စု ၉ နိုင်ငံ၊ လက်တင်အမေရိကနှင့် ကရစ်ဘီယံအုပ်စု ၂၄ နိုင်ငံ၊ Twelve Plus အုပ်စု ၄၇ နိုင်ငံတို့ဖြစ်ပြီး အက်ဇာဘိုင်ဂျန် (Azerbaijan) နိုင်ငံမှာ IPU အဖွဲ့ဝင်နိုင်ငံ မဖြစ်သေးပါ။ မြန်မာနိုင်ငံသည် အာရှပစိဖိတ်အုပ်စု ၃၆ နိုင်ငံတွင် ပါဝင်ပြီး၊ အုပ်စုဝင် အခြားသောနိုင်ငံများမှာ အာဖဂန်နစ္စတန်၊ ဩစတြေးလျ၊ ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ ကမ္ဘောဒီးယား၊ ကနေဒါ၊ တရုတ်၊ မြောက်ကိုရီးယား၊ ဖီဂျီ၊

[8] Committees and Working Groups, available from: archive.ipu.org [viewed 13-11-2018]

အိန္ဒိယ၊ အင်ဒိုနီးရှား၊ အီရန်၊ ဂျပန်၊ လာအို၊ မလေးရှား၊ မော်(လ်)ဒိုက်၊ မာရှယ်ကျွန်းစု၊ မိုက်ခရိုနီးရှား၊ မွန်ဂိုလီးယား၊ နီပေါ၊ နယူးဇီလန်၊ ပါကစ္စတန်၊ ပါလာအူ၊ ပါပူဝါနယူးဂီနီ၊ ဖိလစ်ပိုင်၊ တောင်ကိုရီးယား၊ တွန်ဂါ၊ တူဗာလူ၊ ဗာနေတူသမ္မတနိုင်ငံ၊ ဆာမိုအာ၊ စင်ကာပူ၊ သီရိလင်္ကာ၊ ထိုင်း၊ တီမောနှင့် ဗီယက်နမ်နိုင်ငံတို့ ဖြစ်ပါသည်။[9]

**အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များအစည်းအဝေး (Meeting of Women Parliamentarians)**

၉။ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးသည် လုပ်ထုံးလုပ်နည်းများကို ကိုယ်တိုင်ရေးဆွဲရပြီး အုပ်ချုပ်မှုကောင်စီ၏ အတည်ပြုချက်ရယူခြင်းအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာကို အုပ်ချုပ်မှုကောင်စီသို့ တင်ပြခြင်းများ ဆောင်ရွက်ရပါသည်။ အဆိုပါ အစည်းအဝေးကို ပူးတွဲညှိနှိုင်းရေး ကော်မတီတစ်ရပ်က အထောက်အကူပြုရပြီး ထိုကော်မတီ၏ လုပ်ထုံးလုပ်နည်းများကို အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးက အတည်ပြုရပါသည်။ နှစ်စဉ်ကျင်းပသည့် IPU ညီလာခံ နှစ်ကြိမ်စလုံးတွင် ပူးတွဲညှိနှိုင်းရေး ကော်မတီအစည်းအဝေးကို ကျင်းပပြုလုပ်ပါသည်။[10]

**လူငယ်လွှတ်တော်ကိုယ်စားလှယ်များဖိုရမ် (Forum of Young Parliamentarians of IPU)**

၁၀။ လူငယ်လွှတ်တော်ကိုယ်စားလှယ်များဖိုရမ်သည် ယင်း၏ လုပ်ထုံးလုပ်နည်းများကို ကိုယ်တိုင်ရေးဆွဲပြီး အုပ်ချုပ်မှုကောင်စီသို့ တင်ပြ၍ အတည်ပြုချက်ရယူခြင်း၊ လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာကို အုပ်ချုပ်မှုကောင်စီသို့ တင်ပြခြင်း ဆောင်ရွက်ရပါသည်။[11]

**အုပ်ချုပ်မှုကောင်စီ (Governing Council)**

၁၁။ အုပ်ချုပ်မှုကောင်စီကို ပုံမှန်အားဖြင့် တစ်နှစ်လျှင် အစည်းအဝေး ၂ ကြိမ် ကျင်းပပါသည်။ IPU ဥက္ကဋ္ဌ (သို့မဟုတ်) အမှုဆောင်ကော်မတီက လိုအပ်သည်ဟု ယူဆ လျှင်ဖြစ်စေ၊ (သို့မဟုတ်) အုပ်ချုပ်မှုကောင်စီအဖွဲ့ဝင်ဦးရေ လေးပုံတစ်ပုံက တောင်းဆိုလျှင်ဖြစ်စေ အုပ်ချုပ်မှုကောင်စီ အထူးအစည်းအဝေးကို IPU ဥက္ကဋ္ဌက ခေါ်ယူကျင်းပရပါသည်။[12]

၁၂။ အုပ်ချုပ်မှုကောင်စီတွင် IPU အဖွဲ့ဝင်လွှတ်တော်တိုင်းမှ ကိုယ်စားလှယ် ၃ ဦးစီဖြင့် ဖွဲ့စည်းထားပါသည်။ အုပ်ချုပ်မှုကောင်စီအဖွဲ့ဝင်တစ်ဦး၏ ရာထူးသက်တမ်း သည် အထွေထွေညီလာခံ တစ်ခုကျင်းပချိန်မှ နောက်တစ်ကြိမ် အထွေထွေညီလာခံ တစ်ခုကျင်းပချိန်အထိ ဖြစ်ပါသည်။ အုပ်ချုပ်မှု

---

[9] Geopolitical groups, available from: www.ipu.org [viewed 13-11-2018]

[10] IPU, Statutes of the IPU, Adopted in 1976, extensively revised in October 1983 and amended in April 2003, October 2013, March 2016, April 2017 and March 2018, IV Governing Council, Article 22

[11] Ibid, Article 23

[12] Ibid, Article 17

ကောင်စီအဖွဲ့ဝင်အားလုံးသည် သက်ဆိုင်ရာ နိုင်ငံလွှတ်တော်တွင် လက်ရှိ တာဝန်ထမ်းဆောင်ဆဲ လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ရပါမည်။[13]

၁၃။ အုပ်ချုပ်မှုကောင်စီ အဖွဲ့ဝင်အားလုံးသည် သက်ဆိုင်ရာ နိုင်ငံလွှတ်တော်တွင် လက်ရှိတာဝန်ထမ်းဆောင်ဆဲ လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ရမည်။ အုပ်ချုပ်မှုကောင်စီအဖွဲ့ဝင်တစ်ဦးသည် သေဆုံးလျှင်ဖြစ်စေ၊ နုတ်ထွက်လျှင် ဖြစ်စေ၊ တာဝန်မထမ်းဆောင် နိုင်တော့လျှင်ဖြစ်စေ သက်ဆိုင်ရာ IPU အဖွဲ့ဝင် လွှတ်တော်သည် အခြားပုဂ္ဂိုလ်တစ်ဦးကို အစားထိုး တာဝန်ပေးအပ်ရပါမည်။[14]

၁၄။ အုပ်ချုပ်မှုကောင်စီသည် IPU ဥက္ကဋ္ဌကို ၃ နှစ်သက်တမ်းကာလအတွက် ရွေးကောက်တင်မြှောက်ရပါသည်။ IPU ဥက္ကဋ္ဌသည် IPU ၏ နိုင်ငံရေး အကြီးအကဲဖြစ်ပြီး အုပ်ချုပ်မှုကောင်စီ၏ ဥက္ကဋ္ဌလည်း ဖြစ်ပါသည်။ အငြိမ်းစားယူသွားသော IPU ဥက္ကဋ္ဌသည်၊ အငြိမ်းစားယူပြီး ၃ နှစ် ကာလအတွင်း နောက်ထပ် ရွေးကောက်ခံ ပိုင်ခွင့်မရှိပါ။ အငြိမ်းစားယူသွားသော IPU ဥက္ကဋ္ဌ၏ နိုင်ငံ မဟုတ်သည့် အခြားနိုင်ငံတစ်ခုမှ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို IPU ဥက္ကဋ္ဌအသစ်အဖြစ် ရွေးကောက်တင်မြှောက်ရပါသည်။ ထိုသို့ရွေးကောက်ရာတွင် IPU ၏ ပထဝီနိုင်ငံရေးအုပ်စုများမှ အလှည့်ကျ ရွေးကောက်ရပါသည်။ လက်ရှိ IPU ဥက္ကဋ္ဌအသစ်ကို ပထဝီနိုင်ငံရေး အုပ်စုများမှ အလှည့်ကျ ရွေးကောက်တင်မြှောက်ပါသည်။[15] လက်ရှိ IPU ဥက္ကဋ္ဌမှာ မက္ကဆီကိုနိုင်ငံမှ Ms.Gabriela Cuevas Barron ဖြစ်ပြီး (၁၃၇) ကြိမ်မြောက် IPU ညီလာခံကာလအတွင်း ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလတွင် ရွေးချယ်တင်မြှောက်ခံရခြင်း ဖြစ်ပါသည်။[16]

၁၅။ နှစ်တစ်နှစ်အတွင်း ဒုတိယအကြိမ်ကျင်းပသည့် အထွေထွေညီလာခံတွင် IPU ဥက္ကဋ္ဌအသစ်ကို ရွေးကောက်တင်မြှောက်ရပါသည်။ အကယ်၍ ခြွင်းချက် ဖြစ်သော အကြောင်းများကြောင့် အထွေထွေညီလာခံကို မကျင်းပဖြစ်ပါက အုပ်ချုပ်မှု ကောင်စီသည် IPU ဥက္ကဋ္ဌရွေးချယ် တင်မြှောက်ခြင်း အခမ်းအနားကို ကျင်းပပေးရပါသည်။ [17]

၁၆။ အုပ်ချုပ်မှုကောင်စီသည် IPU ၏ လုပ်ငန်းဆောင်ရွက်ချက်များကို သတ်မှတ် လမ်းညွှန်ပေးသည်။ IPU ဥပဒေတွင် ပြဋ္ဌာန်းထားသည့် ရည်ရွယ်ချက်များနှင့်အညီ အဆိုပါ လုပ်ငန်းများအား

---

[13] IPU, Statutes of the IPU, Adopted in 1976, extensively revised in October 1983 and amended in April 2003, October 2013, March 2016, April 2017 and March 2018, IV Governing Council, Article 18

[14] Ibid

[15] Ibid, Article 19

[16] President, available from: https://www.ipu.org/about-us/structure/president [viewed 12-10-2018]

[17] IPU, Statutes of the IPU, Adopted in 1976, extensively revised in October 1983 and amended in April 2003, October 2013, March 2016, April 2017 and March 2018, IV Governing Council, Article 19

အကောင်အထည်ဖော်မှုကို ကြီးကြပ်ပါသည်။ အုပ်ချုပ်မှုကောင်စီသည် ယင်း၏လုပ်ငန်းအစီအစဉ်ကို ကိုယ်တိုင်ရေးဆွဲ ချမှတ်ရပါသည်။ လုပ်ငန်းအစီအစဉ် မူကြမ်းကို အမှုဆောင်ကော်မတီက ရေးဆွဲ တင်ပြ နိုင်ပြီး လုပ်ငန်းအစီအစဉ်မူကြမ်း နှင့်စပ်လျဉ်းသည့် ဖြည့်စွက်အဆိုပြုချက်များကို အုပ်ချုပ်မှု ကောင်စီ အဖွဲ့ဝင်တစ်ဦးဦးက တင်သွင်းနိုင်ပါသည်။[18]

၁၇။ ထို့အပြင် အုပ်ချုပ်မှုကောင်စီသည် အဓိကအနေဖြင့် အောက်ပါ လုပ်ငန်းများကိုလည်း ဆောင်ရွက်ရပါသည်-

(က) IPU ဥပဒေ ပြဋ္ဌာန်းချက်နှင့်အညီ IPU သို့ ဝင်ခွင့် လျှောက်ထားခြင်းကိစ္စ၊ ပြန်လည် ဝင်ရောက်ခွင့် လျှောက်ထားခြင်း ကိစ္စ၊ အဖွဲ့ဝင်အဖြစ်မှ ယာယီရပ်ဆိုင်းခြင်းကိစ္စတို့ကို အဆုံးအဖြတ် ပေးခြင်း၊

( ခ ) အထွေထွေညီလာခံကျင်းပမည့် နေရာနှင့်နေ့ရက်တို့ကို သတ်မှတ်ခြင်း၊

( ဂ ) အထွေထွေညီလာခံ သဘာပတိ တာဝန်ထမ်းဆောင်ရမည့် ပုဂ္ဂိုလ်ကို အဆိုပြုခြင်း၊

(ဃ) သီးခြားပြဿနာရပ်များကို လေ့လာရန် ယာယီကော်မတီများဖွဲ့စည်း ခြင်းအပါအဝင် IPU ၏ အခြားသော နိုင်ငံတကာလွှတ်တော်များ ဆိုင်ရာ အစည်းအဝေးများ ကျင်းပရေး ကိစ္စများကို အဆုံးအဖြတ်ပေးခြင်း၊ ထိုအစည်းအဝေးများ ကျင်းပပုံ နည်းလမ်းများကို သတ်မှတ်ပေးခြင်း၊ ထိုအစည်းအဝေးများ၏ ဆုံးဖြတ်ချက်များပေါ်တွင် အုပ်ချုပ်မှုကောင်စီ၏ သဘောထား အမြင်ကို ဖော်ပြခြင်း၊

( င ) အထွေထွေညီလာခံ၏ အမြဲတမ်းကော်မတီများ၏ အရေးအတွက်နှင့် ဆောင်ရွက်ရမည့် လုပ်ငန်းများကို သတ်မှတ်ပေးခြင်း၊

( စ ) ယာယီကော်မတီများ၊ အထူးကော်မတီများနှင့် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းခြင်း၊ (ထိုသို့ ဖွဲ့စည်းရာတွင် ပထဝီနိုင်ငံရေးအရလည်းကောင်း၊ ပထဝီအနေအထားအရလည်းကောင်း၊ ကျား/မ ပါဝင်မှု အချိုးအစားအရလည်းကောင်း မျှတစွာ ပါဝင်စေရမည်)

(ဆ) IPU အစည်းအဝေးများတွင် "လေ့လာသူများ" ၏ အမျိုးအစား အုပ်စုများ ခွဲခြား သတ်မှတ်ခြင်း၊ ထိုလေ့လာသူ အုပ်စုများ၏ ရပိုင်ခွင့်များနှင့် တာဝန်များကို သတ်မှတ်ပေးခြင်း၊ မည်သည့်နိုင်ငံတကာ အဖွဲ့အစည်းများနှင့် အခြားအဖွဲ့အစည်း များသည် "လေ့လာသူ" အဆင့်ရရှိသင့်သည်ကို ပုံမှန်အားဖြင့် ဆောင်ရွက်ခြင်း၊ ညီလာခံ

[18] IPU, Statutes of the IPU, Adopted in 1976, extensively revised in October 1983 and amended in April 2003, October 2013, March 2016, April 2017 and March 2018, IV Governing Council, Article 20

အစီအစဉ်တွင် သီးခြားကိစ္စရပ်များကို လေ့လာရန်အတွက် "လေ့လာသူ" အဖွဲ့အစည်းများကို အခါအားလျော်စွာ ဖိတ်ကြားခြင်း၊

(ဇ) IPU ၏ လုပ်ငန်းအစီအစဉ်နှင့် ရသုံးမှန်းခြေ ငွေစာရင်းကို နှစ်စဉ် ရေးဆွဲ သတ်မှတ်ခြင်း၊ အဖွဲ့ဝင်များက ပေးသွင်းရမည့် ထည့်ဝင်ကြေး အချိုးအစား ကို သတ်မှတ်ခြင်း၊

(ဈ) ပြီးခဲ့သော ဘဏ္ဍာရေးနှစ်အတွက် အရအသုံးငွေစာရင်းအား စာရင်းစစ် (၂) ဦး၏ ထောက်ခံချက်အရ အတည်ပြုမှုကို နှစ်စဉ်ဆောင်ရွက်ခြင်း၊ (ထိုစာရင်းစစ် (၂) ဦးကို IPU အဖွဲ့ဝင် လွှတ်တော်များအနက်မှ ရွေးချယ် ခန့်ထားရမည်)

(ည) လှူဒါန်းမှုများနှင့် အမွေအနှစ်ပစ္စည်းများ လက်ခံရယူခြင်းကို တရားဝင် ခွင့်ပြုပေးခြင်း၊

(ဋ) အမှုဆောင်ကော်မတီ၏ အဖွဲ့ဝင်များကို ရွေးကောက်တင်မြှောက်ခြင်း၊

(ဌ) IPU အထွေထွေအတွင်းရေးမှူးချုပ်ကို ခန့်အပ်ခြင်း၊

(ဍ) အုပ်ချုပ်မှုကောင်စီ နည်းဥပဒေများကို ရေးဆွဲချမှတ်ခြင်း၊ IPU ဥပဒေ ပြင်ဆင်ရန် အဆိုပြုချက်များအပေါ် အုပ်ချုပ်မှုကောင်စီ၏ သဘောထားအမြင်ကို ကြေညာခြင်း။[19]

## အမှုဆောင်ကော်မတီ (Executive Committee)

၁၈။ အမှုဆောင်ကော်မတီကို IPU ဥက္ကဋ္ဌ၊ IPU အဖွဲ့ဝင် ပါလီမန် ၁၅-ခုကို ကိုယ်စားပြုသည့် ရွေးကောက်ခံအဖွဲ့ဝင် ၁၅ ဦး၊ အမျိုးသမီးလွှတ်တော် ကိုယ်စားလှယ်များ ဖိုရမ်ဥက္ကဋ္ဌ၊ လူငယ် လွှတ်တော်ကိုယ်စားလှယ်များဖိုရမ်ဘုတ်အဖွဲ့ ဥက္ကဋ္ဌတို့ဖြင့် ဖွဲ့စည်းထားပါသည်။[20]

၁၉။ IPU ဥက္ကဋ္ဌသည် အမှုဆောင်ကော်မတီဥက္ကဋ္ဌလည်းဖြစ်ပါသည်။ အဖွဲ့ဝင် ၁၅ ဦးကို အုပ်ချုပ်မှု ကောင်စီက ရွေးကောက်တင်မြှောက်ရပြီး အဖွဲ့ဝင် အနည်းဆုံး ၁၂ ဦးကို အုပ်ချုပ်မှုကောင်စီ အဖွဲ့ဝင်များထဲမှ ရွေးကောက်တင်မြှောက်ရပါသည်။ အဆိုပါ ၁၂ ဦးသည် ယင်းတို့၏ လွှတ်တော် ကိုယ်စားလှယ် သက်တမ်း ကာလအတွင်း အုပ်ချုပ်မှုကောင်စီဝင်များ အဖြစ်ဆက်လက် တည်ရှိနေသူများ ဖြစ်ရပါမည်။ ရွေးကောက်ခံအဖွဲ့ဝင်ဦးရေ အနည်းဆုံး သုံးပုံတစ်ပုံသည် အမျိုးသမီး (သို့မဟုတ်) အမျိုးသား ဖြစ်ရမည်။[21]

၂၀။ အမှုဆောင်ကော်မတီဝင်အဖြစ် ရွေးကောက်ပွဲဝင်ရာတွင် ထိုကော်မတီဝင်လောင်းနှင့် ယင်း၏ နိုင်ငံ (လွှတ်တော်) တို့သည် IPU ၏လုပ်ငန်းများ၌ မည်သို့ ပါဝင်ဆောင်ရွက်ခဲ့သည်ဟူသော

---

[19] IPU, Statutes of the IPU, Adopted in 1976, extensively revised in October 1983 and amended in April 2003, October 2013, March 2016, April 2017 and March 2018, IV Governing Council, Article 21

[20] Ibid, V Executive Committee, Article 25(1)

[21] Ibid, Article 25(2)

အချက်ကို ထည့်သွင်း စဉ်းစားရပါသည်။ အမျိုးသမီးများ ဆန္ဒမဲပေးခွင့်နှင့် ရွေးကောက်ပွဲ ဝင်ခွင့်ရှိသော နိုင်ငံများမှ လွှတ်တော်ကိုယ်စားလှယ်များသာလျှင် အမှုဆောင်ကော်မတီဝင် ရွေးကောက်ပွဲဝင်ခွင့် ရှိပါသည်။[22]

၂၁။ ပထဝီနိုင်ငံရေးအုပ်စုများ၏ အဖွဲ့ဝင်များက IPU ညီလာခံတွင် မဲပေးခွင့် ရှိသော စုစုပေါင်းမဲ အရေအတွက် အပေါ်တွင် St.Lague စနစ်ကို ကျင့်သုံးမှုအရ ရွေးကောက် တင်မြှောက်သောနေရာ (၁၅) နေရာကို ပထဝီနိုင်ငံရေးအုပ်စုများ အတွက် သတ်မှတ်ပေးထားပါသည်။ ပထဝီနိုင်ငံရေး အုပ်စုတစ်ခုက အမှုဆောင် ကော်မတီတွင် ရခွင့်ရှိသောနေရာ အရေအတွက် ပြောင်းလဲလျှင် လက်ရှိ နေရာတွင် တာဝန်ထမ်းဆောင်သူ၏ ရာထူးသက်တမ်း ကုန်ဆုံးသည့်အခါ ထိုနေရာကို ပြန်လည် လွှဲပြောင်းပေးရပါမည်။[23]

၂၂။ ရွေးကောက်ခံအမှုဆောင်ကော်မတီဝင်များ၏ ရာထူးသက်တမ်းသည် ၄ နှစ် ဖြစ်ပါသည်။ ကော်မတီဝင် အနည်းဆုံး ၂ ဦး သည် နှစ်စဉ်အလှည့်ကျစနစ်ဖြင့် အငြိမ်းစားယူရပါသည်။ အငြိမ်းစား ယူထားသော ကော်မတီဝင်တစ်ဦးသည် အငြိမ်းစား ယူပြီး ၂ နှစ်အတွင်း ထပ်မံ ရွေးကောက်ခံပိုင်ခွင့်မရှိပါ။ အငြိမ်းစားယူသွားသော ကော်မတီဝင်တစ်ဦး နေရာတွင် ထိုသူနှင့် နိုင်ငံချင်းမတူသော အခြားနိုင်ငံ (လွှတ်တော်) မှ ပုဂ္ဂိုလ်တစ်ဦးကို အစားထိုး ရွေးကောက်ရပါမည်။ အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်များ ဗျူရိုဥက္ကဋ္ဌသည် ၂ နှစ် သက်တမ်းအတွက် တာဝန် ထမ်းဆောင် ရမည်။ ၂ နှစ်သက်တမ်းနောက်ထပ် တစ်ကြိမ်ဆက်လက် တာဝန်ယူခွင့်ရှိပါသည်။[24]

၂၃။ အမှုဆောင်ကော်မတီသည် IPU ၏ စီမံအုပ်ချုပ်ရေး အဖွဲ့ဖြစ်ပြီး အောက်ပါလုပ်ငန်းများ ကို ဆောင်ရွက်ရမည်-

(က) နိုင်ငံတစ်နိုင်ငံမှ လွှတ်တော်တစ်ရပ်က IPU သို့ဝင်ခွင့် (သို့မဟုတ်) ပြန်လည်ဝင်ခွင့် လျှောက်ထားလာလျှင် သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် ကိုက်ညီမှုရှိ/ မရှိ စိစစ်ခြင်း၊ အမှုဆောင် ကော်မတီ၏ သုံးသပ်ချက်များကို အုပ်ချုပ်မှုကောင်စီသို့ အသိပေးခြင်း၊

( ခ ) အရေးပေါ်ကိစ္စရပ်အတွက် အုပ်ချုပ်မှုကောင်စီ အစည်းအဝေး ခေါ်ယူခြင်း၊

( ဂ ) အုပ်ချုပ်မှုကောင်စီအစည်းအဝေး ကျင်းပမည့် နေ့ရက်နှင့် နေရာကို သတ်မှတ်ခြင်း၊ အစည်းအဝေး အစီအစဉ်မူကြမ်း ရေးဆွဲခြင်း၊

[22] IPU, Statutes of the IPU, Adopted in 1976, extensively revised in October 1983 and amended in April 2003, October 2013, March 2016, April 2017 and March 2018, , V Executive Committee, Article 25(3)
[23] Ibid, Article 25(4)
[24] Ibid, Article 25(5)

(ဃ) အုပ်ချုပ်မှုကောင်စီအစည်းအဝေး အစီအစဉ်တွင် ဖြည့်စွက် အစီအစဉ်များ ထည့်သွင်းရေးနှင့်စပ်လျဉ်း၍ အမှုဆောင်ကော်မတီ၏ သဘောထားကို ဖော်ပြခြင်း၊

( င ) IPU ၏ တစ်နှစ်တာလုပ်ငန်းအစီအစဉ်နှင့် ဘတ်ဂျက်ကို အုပ်ချုပ်မှုကောင်စီသို့ အဆိုပြုတင်ပြခြင်း၊

( စ ) အမှုဆောင်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌက အုပ်ချုပ်မှုကောင်စီ အစည်းအဝေးများတွင် တင်ပြခြင်း၊

(ဆ) IPU အထွေထွေအတွင်းရေးမှူးချုပ်ရုံး၏ စီမံအုပ်ချုပ်ရေးကိစ္စများကို ကွပ်ကဲခြင်း၊ အထွေထွေညီလာခံ(သို့မဟုတ်) အုပ်ချုပ်မှုကောင်စီက ချမှတ်သော ဆုံးဖြတ်ချက်များအား အကောင်အထည်ဖော်သည့် လုပ်ဆောင်ချက်များကို ကြီးကြပ်ခြင်း၊ လုပ်ဆောင်ချက် အစီရင်ခံစာများနှင့် လိုအပ်သော သတင်းအချက်အလက်များကို ရယူခြင်း၊

( ဇ ) IPU အထွေထွေအတွင်းရေးမှူးချုပ်ရာထူးအတွက် ရွေးကောက်ပွဲ ဝင်ခွင့် လျှောက်ထားသူများကို စိစစ်ခြင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ အုပ်ချုပ်မှုကောင်စီသို့ အဆိုပြုချက်တင်သွင်းခြင်း၊ အုပ်ချုပ်မှု ကောင်စီက ခန့်ထားသော အထွေထွေအတွင်းရေးမှူးချုပ်၏ ရာထူးသက်တမ်းကို သတ်မှတ်ခြင်း၊

( ဈ )အုပ်ချုပ်မှုကောင်စီက ခွင့်ပြုထားသော အသုံးစရိတ် ခွဲဝေချထားငွေ ပမာဏသည် IPU ၏ လုပ်ငန်းအစီအစဉ်များကို ဆောင်ရွက်ရန်နှင့် စီမံအုပ်ချုပ်ရေး လုပ်ငန်းများ လုပ်ဆောင်ရန်အတွက် မလုံလောက်ပါက ဖြည့်စွက် ခွင့်ပြုငွေတောင်းခံခြင်း၊ အရေးပေါ်ကိစ္စများတွင် ဘဏ္ဍာငွေခွဲဝေသုံးစွဲမှုကို ခွင့်ပြုခြင်းနှင့် လုပ်ဆောင်ချက်ကို အုပ်ချုပ်မှုကောင်စီ၏ နောက်တစ်ကြိမ် အစည်းအဝေးတွင် တင်ပြခြင်း၊

(ည) IPU ၏ငွေစာရင်းများကို စာရင်းစစ်ဆေးရန် အတွက် ယုံကြည်ရသော ပြင်ပစာရင်းစစ်ပုဂ္ဂိုလ်ကိုခန့်အပ်ခြင်း၊

( ဋ ) IPU အထွေထွေအတွင်းရေးမှူးချုပ်ရုံး၏ ဝန်ထမ်းအဖွဲ့ဝင်များ၏ လစာနှုန်းများနှင့် ခွင့်ပြုအသုံးစရိတ်များကို သတ်မှတ်ခြင်း၊

( ဌ ) အမှုဆောင်ကော်မတီ၏ နည်းဥပဒေများကို ရေးဆွဲချမှတ်ခြင်း၊

( ဍ ) IPU ၏ ဥပဒေများ နည်းဥပဒေများနှင့်အညီ အုပ်ချုပ်မှုကောင်စီက အမှုဆောင်ကော်မတီသို့ လွှဲအပ်ဆောင်ရွက်စေသော လုပ်ငန်းများကို ဆောင်ရွက်ခြင်း။[25]

---

[25] IPU, Statutes of the IPU, Adopted in 1976, extensively revised in October 1983 and amended in April 2003, October 2013, March 2016, April 2017 and March 2018, V Executive Committee, Article 26

**ဘဏ္ဍာရေးဆိုင်ရာဆပ်ကော်မတီ**

၂၄။ ဘဏ္ဍာရေးဆိုင်ရာဆပ်ကော်မတီသည် အမှုဆောင်ကော်မတီ၏ အကြံပေးအဖွဲ့အစည်း ဖြစ်ပါသည်။ ဆပ်ကော်မတီသည် မိမိကော်မတီနှင့် သက်ဆိုင်သော ကိစ္စရပ်များ (သို့မဟုတ်) ဘဏ္ဍာရေးကိစ္စရပ်များအပေါ် ပြန်လည်ဆန်းစစ်ခြင်းနှင့် အကြံပြုခြင်းတို့ကို ဆောင်ရွက်ပါသည်။ အထူးသဖြင့် IPU ၏နှစ်စဉ်ဘတ်ဂျက်ပြင်ဆင်ချိန် ကာလအတွင်း၌ အထွေထွေအတွင်းရေးမှူး ရုံးအဖွဲ့အား လမ်းညွှန်ဦးဆောင်မှုပေးပါသည်။[26]

၂၅။ ဆပ်ကော်မတီတွင် အမှုဆောင်ကော်မတီဝင်များက ရွေးချယ်တင်မြှောက်သော နိုင်ငံရေးအုပ်စု ၆ ခုအနက်မှ ကိုယ်စားလှယ်တစ်ဦးစီဖြင့် စုစုပေါင်း ၆ ဦး ပါဝင်ပါသည်။ ဆပ်ကော်မတီအဖွဲ့ဝင်များ၏ သက်တမ်းမှာ ၂ နှစ် ဖြစ်ပါသည်။[27]

၂၆။ ဘဏ္ဍာရေးဆိုင်ရာ ဆပ်ကော်မတီသည် အလုပ်အမှုဆောင်ကော်မတီအား အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြန်လည်ဆန်းစစ်ခြင်းနှင့် အကြံပြုခြင်းတို့ကို အလျဉ်းသင့်သလို ဆောင်ရွက်ပါသည်-

(က) ဘတ်ဂျက်၊

( ခ ) သုံးသပ်အကဲဖြတ်မှု၊

( ဂ ) ဘဏ္ဍာရေးဆိုင်ရာ ကြားဖြတ်အစီရင်ခံစာ၊ ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံစာနှင့် ပြင်ပစာရင်းစစ်၏ စီမံခန့်ခွဲမှုစာနှင့်အတူ ဘဏ္ဍာရေးဆိုင်ရာ စာရင်းစစ်တမ်း ထုတ်ပြန်ကြေငြာချက်များ၊

(ဃ) ပြင်ပစာရင်းစစ်များနှင့် ရုံးတွင်းစာရင်းစစ်များ၏ စာရင်းစစ်အစီအစဉ်များနှင့် အလုပ်အမှုဆောင်ကော်မတီသို့ တင်သွင်းသော အခြားအစီရင်ခံစာများ၊

( င ) အထက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ IPU ရုံး၏ ပြန်လည်ရှင်းလင်းချက်များ၊

( စ ) အလုပ်အမှုဆောင်ကော်မတီ၏ နောက်တစ်ကြိမ် အစည်းအဝေးအတွက် အဆိုပြုတင်သွင်းသည့် အစီအစဉ်နှင့်စပ်လျဉ်း၍ အခြားသော ဘဏ္ဍာရေးဆိုင်ရာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များ၊

(ဆ) ဗျူဟာမြောက်စီမံကိန်းများ၏ ကုန်ကျနိုင်ဖွယ်ရှိသည့် ငွေကြေးကိစ္စရပ်များ၊

( ဇ ) ပရဟိတရံပုံငွေကဲ့သို့သော အခြားသော ရင်းမြစ်များအတွက် ငွေကြေးထောက်ပံ့မှုများ။[28]

---

[26] Sub-Committee on Finance, available from: https://www.ipu.org [viewed 13-11-2018]
[27] Ibid
[28] IPU, Statutes and Rules Texts valid as from April 2017, Terms of Reference of the Sub-committee on finance, Role of The Sub-Committee, Rule 2

**ပါလီမန်အထွေထွေအတွင်းရေးမှူးချုပ်များအဖွဲ့ (Association of Secretaries General of Parliaments-ASGP)**

၂၇။ ပါလီမန်အထွေထွေအတွင်းရေးမှူးချုပ်များအဖွဲ့ (ASGP) သည် IPU ၏ ဆွေးနွေး အတိုင်ပင်ခံ အဖွဲ့အစည်းတစ်ရပ်ဖြစ်ပြီး ASGP ဥက္ကဋ္ဌက မိမိအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များ နှင့်စပ်လျဉ်း၍ IPU အမှုဆောင်ကော်မတီသို့ နှစ်စဉ်အစီရင်ခံ တင်ပြရပါသည်။[29]

၂၈။ လွှတ်တော်ဆိုင်ရာ အဖွဲ့အစည်းများကို လေ့လာရန် အခွင့်အရေးရှိသော ASGP ၏ လုပ်ဆောင်ချက်များနှင့် IPU ရှိ အဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်များသည် အပြန်အလှန် ဖြည့်စွက်ပေးလျက် ရှိကြသည်။ လုပ်ငန်းစီမံကိန်းများ ပြင်ဆင်ခြင်းနှင့် အကောင်အထည်ဖော်ခြင်း အဆင့်များတွင် ဆွေးနွေးခြင်း၊ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ASGP နှင့် IPU အဖွဲ့အစည်းများသည် ပူးပေါင်းဆောင်ရွက်ကြသည်။[30]

၂၉။ ASGP သည် ပါလီမန်များ၏ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် လုပ်ငန်းဆောင်ရွက်ပုံ နည်းလမ်းများကို လေ့လာခြင်း၊ လုပ်ငန်းဆောင်ရွက်မှု တိုးတက်စေရေးအတွက် ပိုမို ကောင်းမွန်သည့် ဆောင်ရွက်မှုလမ်းစဉ်များကို အဆိုပြုခြင်းနှင့် ပါလီမန်အသီးသီး၏ ဝန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ခိုင်မာစေခြင်း စသည်တို့ကို ဆောင်ရွက်ပါသည်။[31]

**အထွေထွေအတွင်းရေးမှူးချုပ်ရုံး (IPU Secretariat)**

၃၀။ အထွေထွေအတွင်းရေးမှူးချုပ်ရုံးသည် IPU အဖွဲ့အစည်းအတွက် အဓိကဖြစ်ပြီး ကမ္ဘာ တစ်လွှားတွင် ဒီမိုကရေစီခိုင်မာရေးနှင့် မြှင့်တင်ရေးအတွက် IPU ဆိုင်ရာ လုပ်ငန်း တာဝန်များကို ဆောင်ရွက်ရသည်။ အထွေထွေအတွင်းရေးမှူးချုပ်ရုံးတွင် ဝန်ထမ်းအင်အား ၄၀ ကျော်ရှိပြီး ဂျီနီဗာနှင့် နယူးယောက် နှစ်နေရာလုံးတွင် တာဝန်ထမ်းဆောင်လျက် ရှိပါသည်။[32]

၃၁။ အထွေထွေအတွင်းရေးမှူးချုပ်ဦးဆောင်သည့် IPU Secretariat သည် ပိုမိုထိရောက်သည့် ဒီမိုကရက်တစ်အဖွဲ့အစည်းများဖြစ်လာရန် အဖွဲ့ဝင်ပါလီမန်များကို အထောက်အကူပြုရသကဲ့သို့ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး၊ လူ့အခွင့်အရေး အခြေအနေ၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး၊ ကျား/မ တန်းတူညီမျှမှု၊ လူငယ်များပါဝင်မှုနှင့် ကမ္ဘာလုံးဆိုင်ရာ စီမံအုပ်ချုပ်မှု စသည့်ကိစ္စရပ်များ အတွက်လည်း ကူညီပေးရပါသည်။ အလားတူ အဖွဲ့ဝင်အဖြစ် ဝင်ရောက်နိုင်ရေးကိစ္စရပ်များ ညှိနှိုင်း

---

[29] Association of Secretaries General of Parliaments, available from: www.ipu.org [viewed 13-11-2018]

[30] IPU, Statutes of the IPU, Adopted in 1976, extensively revised in October 1983 and amended in April 2003, October 2013, March 2016, April 2017 and March 2018, VIII Association of Secretaries General of Parliaments, Article 29

[31] Association of Secretaries General of Parliaments, available from: www.ipu.org [viewed 13-11-2018]

[32] Secretariat, available from: https://www.ipu.org/about-us/structure/secretariat [viewed 12-10-2018]

အကြောင်းကြားရသည့်အပြင် ညီလာခံအစည်းအဝေးတွင် ဆွေးနွေးမည့်ကိစ္စရပ်များ၊ IPU နှင့် နိုင်ငံတကာအဖွဲ့အစည်းများကြား ဆက်သွယ်ဆက်ဆံမှုကိစ္စရပ်များကိုလည်း ဆောင်ရွက်ရပါသည်။[33]

**နိုင်ငံတကာပါလီမန်များအဖွဲ့ အထွေထွေအတွင်းရေးမှူးချုပ်**

၃၂။ IPU အထွေထွေအတွင်းရေးမှူးချုပ်သည် ကင်မရွန်နိုင်ငံသား Mr. Martin Chungong ဖြစ်ပါသည်။ ၎င်းသည် ၂၀၁၄ ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင် အထွေထွေအတွင်းရေးမှူးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံခဲ့ရပြီး ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့တွင်လည်း ထပ်မံရွေးချယ်ခံခဲ့ရပါသည်။ ပထမအကြိမ် ကင်မရွန်နိုင်ငံပါလီမန်တွင် ၁၄ နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့ပြီး နိုင်ငံတကာပါလီမန်များအဖွဲ့ (IPU) တွင် နှစ်ပေါင်း ၂၀ ကျော် တာဝန် ထမ်းဆောင်ခဲ့သူ ဖြစ်ပါသည်။ မာတင်သည် အထွေထွေအတွင်းရေးမှူးချုပ်အဖြစ် ရွေးချယ်မခံရမီအချိန်က IPU ၏ ဒုတိယအထွေထွေ အတွင်းရေးမှူးချုပ်နှင့် ပရိုဂရမ်ဒါရိုက်တာအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၎င်းသည်အင်္ဂလိပ်၊ ပြင်သစ် နှင့် စပိန်ဘာသာစကားကိုလည်းပြောနိုင်သူဖြစ်သည်။[34]

## အခန်း (၃)

## IPU အဖွဲ့ဝင်ဖြစ်ရန်လိုက်နာရမည့် အခြေခံသဘောတရားများ

၃၃။ အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်ခု၏ ဥပဒေများနှင့်အညီ ဖွဲ့စည်းထားသော ထိုနိုင်ငံရှိ လူဦးရေကို ကိုယ်စားပြုသော၊ ထိုနိုင်ငံ၏ နယ်မြေအတွက် လုပ်ငန်း ဆောင်ရွက်သော လွှတ်တော်တိုင်းသည် IPU သို့ အဖွဲ့ဝင်အဖြစ် လျှောက်ထားနိုင်ပါသည်။[35]

၃၄။ သီးခြားလွတ်လပ်စွာ ရပ်တည်နိုင်သည့် နယ်မြေဒေသတစ်ခု၏ အခြေခံ ဥပဒေနှင့်အညီ ဖွဲ့စည်းထားသော၊ ထိုနယ်မြေ၏ နိုင်ငံအဖြစ်တည်ရှိမှု၊ ရည်မှန်းချက် များနှင့် အမည်နာမတို့ကို ကုလသမဂ္ဂက အသိအမှတ်ပြုထားသော၊ ကုလသမဂ္ဂတွင် အခြားအရေးပါသည့် ရပိုင်ခွင့်များနှင့် အခွင့်အရေးများရရှိသည့် အမြဲတမ်း လေ့လာသူအဆင့် ရရှိထားသော လွှတ်တော်တစ်ရပ်သည် IPU ၏အဖွဲ့ဝင် ဖြစ်ခွင့် ရှိပါသည်။[36]

---

[33] Secretariat, available from: https://www.ipu.org/about-us/structure/secretariat [viewed 12-10-2018]

[34] Secretary General, available from: http://archive.ipu.org/strct-e/sg.htm [viewed 15-10-2018]

[35] IPU, Statutes of the IPU, Adopted in 1976, extensively revised in October 1983 and amended in April 2003, October 2013, March 2016, April 2017 and March 2018, I Nature, Purpose and Composition, Article 3(1)

[36] Ibid, Article 3(2)

၃၅။ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတစ်ခုတွင် ဖက်ဒရယ်လွှတ်တော်ကသာလျှင် IPU အဖွဲ့ဝင်အဖြစ် ဝင်ခွင့်ရရန် လျှောက်ထားခွင့်ရှိသည်။[37]

၃၆။ IPU အဖွဲ့ဝင် လွှတ်တော်တိုင်းသည် IPU အခြေခံမူများနှင့်အညီ ဆောင်ရွက်ရပြီး IPU ၏ ဥပဒေများကို လိုက်နာ ဆောင်ရွက်ရပါမည်။[38]

၃၇။ IPU ကို ကိုယ်စားပြုသည့်နိုင်ငံများက နိုင်ငံတကာဥပဒေနှင့်အညီ တည်ထောင်ထားသော နိုင်ငံတကာပါလီမန် အဖွဲ့အစည်းများအား ယင်းတို့က တောင်းဆိုလာပါက သက်ဆိုင်ရာ IPU အဖွဲ့ဝင်များနှင့် ညှိနှိုင်းပြီးနောက် အုပ်ချုပ်မှု ကောင်စီက "တွဲဖက်အဖွဲ့ဝင်" အဖြစ်ဝင်ခွင့်ပြု နိုင်ပါသည်။[39]

၃၈။ အထွေထွေအတွင်းရေးမှူးချုပ်က တင်ပြလာသော IPU ဝင်ခွင့် (သို့မဟုတ်) IPU သို့ ပြန်လည်ဝင်ရောက်ခွင့် ကိစ္စများနှင့်ပတ်သက်၍ ဝင်ခွင့်ပြုရန် (သို့မဟုတ်) ပြန်လည် ဝင်ခွင့်ပြုရန် ဆုံးဖြတ်ချက်ကို အုပ်ချုပ်မှု ကောင်စီက ချမှတ်ရပါမည်။[40]

၃၉။ IPU အဖွဲ့ဝင် လွှတ်တော်တစ်ရပ်သည် ယင်း၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နိုင်ခြင်း မရှိပါက အမှုဆောင် ကော်မတီသည် အခြေအနေကို သုံးသပ်ပြီး ယင်း၏ သဘောထားအမြင်ကို အုပ်ချုပ်မှု ကောင်စီသို့ တင်ပြရမည်။ ထိုလွှတ်တော်အား IPU အဖွဲ့ဝင် အဖြစ်မှ ယာယီရပ်ဆိုင်းထားရေး ကိစ္စကို အုပ်ချုပ်မှုကောင်စီက ဆုံးဖြတ်ရပါသည်။[41]

**အဖွဲ့ဝင်နိုင်ငံများနှင့် မိတ်ဖက်အဖွဲ့ဝင်နိုင်ငံများ**

၄၀။ လက်ရှိတွင်အဖွဲ့ဝင် နိုင်ငံပေါင်း (၁၇၈) နိုင်ငံရှိပြီး မိတ်ဖက်အဖွဲ့ဝင် (၁၂) နိုင်ငံရှိပါသည်။ မိတ်ဖက်အဖွဲ့ဝင်နိုင်ငံများမှာ-

(က) Andean parliament

(ခ) Arab Parliament

(ဂ) Central American Parliament (PARLACEN)

(ဃ) East African Legislative Assembly (EALA)

(င) European Parliament (EP)

---

[37] IPU, Statutes of the IPU, Adopted in 1976, extensively revised in October 1983 and amended in April 2003, October 2013, March 2016, April 2017 and March 2018, I Nature, Purpose and Composition, Article 3(3)

[38] Ibid, Article 3(4)

[39] Ibid, Article 3(5)

[40] Ibid, Article 4(1)

[41] Ibid, Article 4(2)

(စ) Interparliamentary Assembly of Member Nations of the Commonwealth of Independent States

(ဆ) Inter-Parliamentary Committee of the West African Economic and Monetary Union (WAEMU)

(ဇ) Latin American and Caribbean Parliament (PARLATINO)

(ဈ) Parliament of the Central African Economic and Monetary Community (CEMAC)

(ည) Parliament of the Economic Community of West African States (ECOWAS)

(ဋ) Parliamentary Assembly of the Council of Europe (PACE)

(ဌ) Parliamentary Assembly of the Black Sea Economic Cooperation (PABSEC)[42]

## အခန်း (၄)

## မြန်မာလွှတ်တော်မှ IPU နှင့်စပ်လျဉ်းသည့် ဆောင်ရွက်မှုအခြေအနေများ

### နိုင်ငံတကာပါလီမန်များအဖွဲ့ဆိုင်ရာ ပူးပေါင်းကော်မတီ (Joint Committee on IPU)

၄၁။ မြန်မာလွှတ်တော်သည် ၁၉၅၇ ခုနှစ်မှ ၁၉၆၃ ခုနှစ်အထိ IPU အဖွဲ့ဝင်နိုင်ငံ ဖြစ်ခဲ့ပါသည်။ ထို့နောက် ၂၀၁၂ ခုနှစ်တွင် ပြည်ထောင်စုလွှတ်တော်သည် IPU အဖွဲ့ဝင်အဖြစ် ပြန်လည် ဝင်ရောက်ရန် ၁၆-၃-၂၀၁၂ ရက်နေ့တွင် အတည်ပြုဆုံးဖြတ်ခဲ့ပါသည်။ ထို့ကြောင့် နိုင်ငံတကာလွှတ်တော်များနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်စေရေး အတွက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၇-ခ အရ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်ဦးရေ တူညီစွာပါဝင်သည့် နိုင်ငံတကာပါလီမန်များအဖွဲ့ ပူးပေါင်း ကော်မတီ (Joint Committee on Inter-Parliamentary Union) ကို ပြည်ထောင်စုလွှတ်တော်၏ ၃၁-၇-၂၀၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၄၆/၂၀၁၃) ဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ၁၀ ဦးစီ၊ စုစုပေါင်း (၂၀) ဦး ပါဝင်ပါသည်။ ဒုတိယအကြိမ်လွှတ်တော် သက်တမ်းကာလတွင် ပြည်ထောင်စုလွှတ်တော်၏ ၁-၃-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၂/၂၀၁၆)ဖြင့် ပြန်လည်ဖွဲ့စည်းခဲ့ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၈ ဦး၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ၈ ဦး၊ စုစုပေါင်း ၁၆ ဦး ပါဝင်ပါသည်။[43]

---

[42] Members, available from: https://www.ipu.org/about-us/members [viewed 16-10-2018]

[43] ပြည်ထောင်စုလွှတ်တော်၏ ၃၁-၇-၂၀၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၆/၂၀၁၃) နှင့် ၁-၃-၂၀၁၆ ရက်စွဲပါ အမိန့် ကြော်ငြာစာအမှတ် (၃၂/၂၀၁၆)

၄၂။ ဤပူးပေါင်းကော်မတီ၏ သက်တမ်းမှာ စတင်ဖွဲ့စည်းသည့်အချိန်မှ တစ်နှစ်ဖြစ်ပြီး ကော်မတီ သက်တမ်းတိုးခြင်းကို ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၏အတည်ပြုချက်ရယူ၍ ဆောင်ရွက်ရ ပါသည်။ နိုင်ငံတကာပါလီမန်များအဖွဲ့ ပူးပေါင်းကော်မတီသည် IPU ညီလာခံ တက်ရောက်ရေး ကိစ္စရပ်များ၊ ပြည်ထောင်စုလွှတ်တော်နှင့် IPU အဖွဲ့တို့ကြား ဆက်သွယ် ဆောင်ရွက်ရေး ကိစ္စများ၊ IPU အဖွဲ့ဆိုင်ရာမူဝါဒများနှင့် IPU ညီလာခံက ချမှတ်သည့် ဆုံးဖြတ်ချက်များ၊ ညီလာခံတွင် မြန်မာလွှတ်တော်ကို ကိုယ်စားပြု၍ တင်ပြဆွေးနွေးနိုင်ရေးနှင့် စပ်လျဉ်း၍ ကြိုးကြပ်ဆောင်ရွက်ခြင်း၊ ညီလာခံတက်ရောက်ခဲ့မှု အစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော်သို့တင်ပြခြင်း၊ ညီလာခံမှ ချမှတ်ခဲ့သည့် အတည်ပြုချက်များကို လေ့လာသုံးသပ် ဆောင်ရွက်ခြင်း၊ ပူးပေါင်းကော်မတီ လုပ်ငန်းများအတွက် ပြည်ထောင်စုလွှတ်တော်ရုံးမှတဆင့် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်း စသည့်ကိစ္စရပ်များကို ဆောင်ရွက်ရပါသည်။ ပူးပေါင်းကော်မတီ၏ ရုံးလုပ်ငန်းဆိုင်ရာကိစ္စအဝဝကို ပြည်ထောင်စုလွှတ်တော်ရုံးက တာဝန်ယူဆောင်ရွက်ပါသည်။[44]

## National Secretariat

၄၃။ IPU အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်သည့် လုပ်ငန်းများကို ပိုမိုထိရောက် လျင်မြန်စွာ ဆောင်ရွက်နိုင်ရေးအတွက် National Secretariat ကို ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၅-၁-၂၀၁၈ ရက်စွဲပါ ရုံးအမိန့်အမှတ် (၂၉/၂၀၁၈) ဖြင့် ဖွဲ့စည်းဆောင်ရွက်လျက် ရှိပါသည်။[45]

## အာဟာရမြှင့်တင်ရေးလှုပ်ရှားမှုဆိုင်ရာ ဟောပြောပွဲကျင်းပခြင်း

၄၄။ အာဟာရမြှင့်တင်ရေးလှုပ်ရှားမှုဆိုင်ရာဟောပြောပွဲကို လွှတ်တော်အတွင်း၌ သက်ဆိုင်ရာ အဖွဲ့များနှင့် ပေါင်းစပ်ဆောင်ရွက်ပေးစေလိုကြောင်း ၂၀၁၇ ခုနှစ်တွင် IPU အထွေထွေ အတွင်းရေးမှူးချုပ်မှ အဆိုပြုစာပေးပို့ခဲ့ရာ IPU ပူးပေါင်းကော်မတီဥက္ကဋ္ဌဦးစီး၍ ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) နှင့်အတူ အာဟာရမြှင့်တင်ရေးဆိုင်ရာ ဟောပြောပွဲ ကျင်းပနိုင်ရန် ဆောင်ရွက်ခဲ့သော်လည်း အချိန်ကြပ်တည်းမှုရှိနေပါသဖြင့် ကျင်းပရန်ဆိုင်းငံ့ခဲ့ ပါသည်။ ၂၀၁၈ ခုနှစ်တွင် အာဟာရချို့တဲ့မှု တိုက်ဖျက်ရန် ကဏ္ဍပေါင်းစုံမှ တာဝန်ရှိသူများ ပါဝင်သည့် ပါလီမန်အတွင်း ဆွေးနွေးပွဲတစ်ရပ် ကျင်းပပေးပါရန်နှင့် မိမိတို့နိုင်ငံအလိုက် အာဟာရ ဆိုင်ရာ အဆင့်အတန်းနှင့်စပ်လျဉ်း၍ ပါလီမန်ဆွေးနွေးပွဲတစ်ခု ရေးဆွဲဖော်ဆောင်ရန်၊ တည်ရှိပြီး ဖြစ်သော နိုင်ငံတော်အဆင့် အစာအာဟာရဆိုင်ရာ စီမံချက်များတွင် ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများကို အားပေးရန်နှင့် ပြည်သူလူထု၏ အစာအာဟာရဆိုင်ရာကိစ္စကို လွှတ်တော် ကိုယ်စားလှယ်များအားလုံး၏ ဦးစားပေး ကိစ္စတစ်ရပ်အဖြစ်စုစည်းပေးရန် IPU က ထပ်မံ

[44] ပြည်ထောင်စုလွှတ်တော်၏ ၃၁-၇-၂၀၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၆/၂၀၁၃) နှင့် ၁-၃-၂၀၁၆ ရက်စွဲပါ အမိန့် ကြော်ငြာစာအမှတ် (၃၂/၂၀၁၆)

[45] ပြည်ထောင်စုလွှတ်တော်ရုံး၊ ရုံးအမိန့်အမှတ် (၂၉/ ၂၀၁၈)

တိုက်တွန်းခဲ့ပါသည်။ သို့ဖြစ်ပါ၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ UNICEF နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) တို့ ပူးပေါင်းကျင်းပသော အာဟာရမြှင့်တင်ရေးလှုပ်ရှားမှု Scaling Up Nutrition (SUN) Movement ဆိုင်ရာ ဆွေးနွေးပွဲကို ၈-၈-၂၀၁၈ ရက်နေ့တွင် နေပြည်တော်ရှိ လွှတ်တော်ဝင်း၊ သဘင်ဆောင်၌ ကျင်းပခဲ့ရာ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဒေါက်တာမြလေးစိန်နှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုလွှတ်တော် နိုင်ငံတကာ ပါလီမန်များအဖွဲ့ဆိုင်ရာ ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဒေါက်တာသန်းဝင်းနှင့် အတွင်းရေးမှူး ဦးဘိုဘိုဦး၊ ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) မှ Nutrition Specialist ဒေါက်တာကျော်ဝင်းစိန်၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)မှ National Professional Officer ဒေါက်တာမျိုးပိုင်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ဝန်ထမ်းများ တက်ရောက်ခဲ့ကြပါသည်။[46]

**အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့အခမ်းအနားများကျင်းပခြင်း**

၄၅။ နှစ်စဉ်ကမ္ဘာတစ်ဝန်းလုံး၌ စက်တင်ဘာလ ၁၅ ရက်နေ့ရောက်တိုင်း အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနား ကျင်းပကြပါသည်။ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အခမ်းအနား ဖြစ်ပေါ်လာပုံမှာ ဒီမိုကရေစီရှင်သန်ခိုင်မာရေးအတွက် ကမ္ဘာ့နိုင်ငံအသီးသီးရှိ အစိုးရများအား တိုက်တွန်းလှုံ့ဆော်သည့် ဆုံးဖြတ်ချက် တစ်ရပ်ကို ကုလသမဂ္ဂအထွေထွေညီလာခံက ၂၀၀၇ ခုနှစ်တွင် အတည်ပြုချမှတ်ခဲ့ခြင်းမှ စတင်ခဲ့ပါသည်။ နိုင်ငံတကာပါလီမန်များအဖွဲ့ IPU သည် အဖွဲ့ဝင် ပါလီမန်များအား အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့တွင် ပြပွဲပြိုင်ပွဲအခမ်းအနားများ၊ ကျင်းပပေးရန် တိုက်တွန်းခဲ့ရာ ၂၀၀၈ ခုနှစ်မှစတင်၍ ကမ္ဘာတစ်ဝန်းရှိ ပါလီမန်များက ဓါတ်ပုံပြိုင်ပွဲများ၊ ကလေးသူငယ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမှုများ၊ အပြန်အလှန် ဆွေးနွေးမှုများကို ရုပ်မြင်သံကြားမှတစ်ဆင့် ထုတ်လွှင့်ပြသခြင်း စသည့် ပါလီမန်ဆိုင်ရာပြပွဲ၊ ပြိုင်ပွဲများဖြင့် ဒီမိုကရေစီနေ့အခမ်းအနားကို ကျင်းပခဲ့ပါသည်။ ဒီမိုကရေစီနေ့ အခမ်းအနား ကျင်းပရန် ခေါင်းစဉ်နှင့် ပိုစတာများကိုလည်း IPU ဝက်ဆိုက်ဘ်တွင် နှစ်စဉ် ဖော်ပြပေးလျက်ရှိပါသည်။[47]

၄၆။ အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ အခမ်းအနားများကို မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီစနစ်စတင်ကူးပြောင်းကျင့်သုံးခဲ့သည့် ၂၀၁၁ ခုနှစ်မှစတင်၍ ပြည်ထောင်စုလွှတ်တော်ကကြီးမှူးကျင်းပခဲ့ရာ ၂၀၁၈ ခုနှစ်တွင် (၈) ကြိမ်တိုင်ကျင်းပခဲ့ပြီး ဖြစ်ပါသည်။[48]

---

[46] အာဟာရမြှင့်တင်ရေးလှုပ်ရှားမှု Saling Up Nutrition (SUN) Movement ဆိုင်ရာ ဆွေးနွေးပွဲ ကျင်းပ၊ available from: https://pyidaungsu.hluttaw.mm [viewed 17-10-2018]

[47] International Day of Democracy, available from: https://www.ipu.org [viewed 29-10-2018]

[48] ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ၊ available from: https:// pyidaungsu. hluttaw.mm/news/[viewed 18-10-2018]

၄၇။ နှစ်စဉ် စက်တင်ဘာလ ၁၅ ရက်နေ့တွင်ကျရောက်သော အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ အခမ်းအနားများသို့ လွှတ်တော်အကြီးအမှူးများနှင့် ပြည်ထောင်စုအဆင့်တာဝန်ရှိသူများ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ လွှတ်တော်ဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ သံတမန်များ၊ ကမ္ဘာ့ပါလီမန်များအဖွဲ့၊ ပါလီမန်များသမဂ္ဂအဖွဲ့၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများနှင့် လွှတ်တော်မိတ်ဖက် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ ကျောင်းသား/ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပါသည်။[49]

၄၈။ ဒီမိုကရေစီနေ့ အခမ်းအနားများတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတထံမှပေးပို့သော သဝဏ်လွှာ၊ IPU မှပေးပို့သော သဝဏ်လွှာနှင့် ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်မှ ပေးပို့သည့် သဝဏ်လွှာများဖတ်ကြားခြင်း၊ လွှတ်တော်တွင်းရှိ နိုင်ငံရေးပါတီ အသီးသီးတို့၏ စာတမ်းများ ဖတ်ကြားခြင်း အစီအစဉ်များ ထည့်သွင်းကျင်းပပါသည်။[50]

၄၉။ "ဒီမိုကရေစီရှင်သန်ရေး ဝိုင်းဝန်းထိန်းညှိဆောင်ရွက်ပေး" ဟူသည့် ဆောင်ပုဒ်ဖြင့် ကျင်းပသော ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားတွင် ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က "ကမ္ဘာပေါ်ရှိ ဒီမိုကရေစီကျင့်သုံးသော နိုင်ငံတိုင်းတွင် ဥပဒေပြုလွှတ်တော်များသည် ဒီမိုကရေစီကျင့်စဉ်များ ရှင်သန်အားကောင်းစေရန်အတွက် အဓိက မဏ္ဍိုင်ဖြစ်သကဲ့သို့ အခြေခံအုတ်မြစ်ဖြစ်ပါကြောင်း၊ ထို့ပြင် ဥပဒေပြုလွှတ်တော်များသည် နိုင်ငံတစ်နိုင်ငံ၏ အသက်ဝိဉာဉ်၊ အသက်သွေးကြောများ ဖြစ်ပါကြောင်းနှင့် ဥပဒေပြုအာဏာကို ကျင့်သုံးကြရသည့် လွှတ်တော်များသည် ပြည်သူများကို ကိုယ်စားပြုကြရသည့်အတွက် ပြည့်သူ့အသံ၊ ပြည်သူ့ဆန္ဒ၊ ပြည်သူ့သဘောထားများနှင့် ပြည်သူတို့၏ လိုလားချက်များကို သိရှိခံစားပြီး ဖြည့်ဆည်းပေးနိုင်ရန်လည်း ကြိုးစားလျက်ရှိပါကြောင်း " ပြောကြားခဲ့ပါသည်။[51]

**နိုင်ငံတကာပါလီမန်များအဖွဲ့ညီလာခံများ (IPU Assemblies) သို့ မြန်မာ လွှတ်တော် ကိုယ်စားလှယ် အဖွဲ့များ တက်ရောက်ခဲ့မှုအခြေအနေ**

၅၀။ မြန်မာလွှတ်တော်သည် နိုင်ငံတကာပါလီမန်များအဖွဲ့သို့ ၅-၄-၂၀၁၂ ခုနှစ်တွင် အဖွဲ့ဝင်အဖြစ် ပြန်လည်ဝင်ရောက်ခဲ့ပြီး ယင်းနှစ်တွင် ယူဂန်ဒါနိုင်ငံ၊ ကမ်ပါလာမြို့၌ ပြုလုပ်သည့် (၁၂၆) ကြိမ်မြောက် ညီလာခံသို့ တက်ရောက်ခဲ့ပါသည်။ ယင်းနောက် (၁၂၇) ကြိမ်၊ (၁၂၉) ကြိမ်၊ (၁၃၀) ကြိမ်၊ (၁၃၁)

---

[49] ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ၊ available from: https:// pyidaungsu. hluttaw.mm/news/[viewed 18-10-2018]

[50] Ibid

[51] Ibid

ကြိမ်၊ (၁၃၂) ကြိမ်၊ (၁၃၃) ကြိမ်၊ (၁၃၅) ကြိမ်၊ (၁၃၇) ကြိမ်နှင့် (၁၃၉) ကြိမ်မြောက် IPU ညီလာခံများသို့လည်း မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ခဲ့ပါသည်။ (၁၂၈) ကြိမ်၊ (၁၃၄) ကြိမ်၊ (၁၃၆) ကြိမ် နှင့် (၁၃၈) ကြိမ်မြောက် ညီလာခံများသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ခြင်းမရှိပါ။ အထွေထွေညီလာခံကို တစ်နှစ်လျှင် နှစ်ကြိမ် ကျင်းပလေ့ရှိပြီး ပထမအကြိမ်ကို သက်ဆိုင်ရာအလှည့်ကျနိုင်ငံတွင် ကျင်းပ၍ ဒုတိယအကြိမ်ကို ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့တွင် ကျင်းပလေ့ရှိပါသည်။ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်မှ ၁၈ ရက်အထိ ရုရှားနိုင်ငံ၊ စိန့်ပီတာစဘတ်စ်မြို့၌ ကျင်းပခဲ့သည့် (၁၃၇) ကြိမ်မြောက် IPU ညီလာခံအစည်းအဝေးက အတည်ပြုခဲ့သည့် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိပါးခြိမ်းခြောက်မှုတစ်ခုဖြစ်သည့် ရိုဟင်ဂျာများ အပေါ်တွင် ပြင်းထန်စွာ တိုက်ခိုက်မှုများ၊ စိုးရိမ်ဖွယ် လူသားပဋိပက္ခများကို အဆုံးသတ်၍ မြန်မာနိုင်ငံအတွင်းရှိ ၎င်းတို့၏ မူလနေရပ်သို့ ဘေးကင်းလုံခြုံစွာ ပြန်နိုင်ရေး ဆုံးဖြတ်ချက် မူကြမ်းတစ်ခုလုံးကို အရေးပေါ်အစီအစဉ်တွင် မြန်မာကိုယ်စားလှယ်အဖွဲ့က ပယ်ချနိုင်ခဲ့ပါသည်။

## နိဂုံး

၅၁။ မြန်မာလွှတ်တော်သည် နိုင်ငံတကာပါလီမန်များအဖွဲ့ (IPU) အဖွဲ့ဝင်ဖြစ်သည့်အလျောက် IPU နှင့် ဆက်သွယ် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ၎င်းအဖွဲ့အစည်းမှ တိုက်တွန်း နှိုးဆော်သည့် အထိမ်းအမှတ်ပွဲများနှင့် ဟောပြောပွဲများကိုလည်း သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ နှစ်စဉ်ကျင်းပသော ညီလာခံအစည်းအဝေးများသို့လည်း ပုံမှန် တက်ရောက်နိုင်ရန် ကြိုးပမ်းလျက် ရှိပါသည်။

## သတိပြုရန် အချက်များ

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်ဆိုင်ရာ တာဝန်များကိုဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စတစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်တပြေးညီနောက်ဆုံးရသတင်းဖြစ်မည်ဟု သတ်မှတ်မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် သို့မဟုတ် ပညာရှင်ဆိုင်ရာ အကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် သို့မဟုတ် သတင်းအချက်အလက်များ လိုအပ်ပါက အရည်အသွေးပြည့်မီသော သင့်လျော်သည့် ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင် သင့်ပါသည်။ လွှတ်တော်သုတေသနဝန်ဆောင်မှုဌာနသည် စာတမ်းတိုများတွင်ပါဝင်သော အကြောင်းအရာများအား လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ထမ်းများနှင့်သာ မျှဝေဆွေးနွေးမည် ဖြစ်ပါသည်။ အများပြည်သူနှင့် မျှဝေရန်မဟုတ်ပါ။

သုတေသနလုပ်ငန်းဆိုင်ရာ စုံစမ်းမေးမြန်းမှုများပြုလုပ်ရန် (သို့မဟုတ်) သုတေသနနှင့်လေ့ကျင့်ရေးဌာနခွဲအား လာရောက်လေ့လာရန် အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်-


သုတေသနနှင့်လေ့ကျင့်ရေးဌာနခွဲ

ဇမ္ဗူသီရိဆောင် - ပထမထပ်

တယ်လီဖုန်း - ၀၆၇-၅၉၁၂၇၆

၀၆၇-၅၉၁၄၁၇

dd.research@pds.hluttaw.net